


## ပါးနပ်မှုရှိပါ။ လမ်းအား စက်ဘီးစီးသူများနှင့် မျှသုံးပါ။

ယာဉ်မောင်းသူများ။ စက်ဘီးစီးသူများသည် ယာဉ်ကြောအတွင်းတွင် သတိပြုမိရန် ခက်ခဲကြပြီး ယာဉ်တိုက်မှုတစ်ခုမှကာကွယ်ရန် အနည်းငယ်မျှသာရှိသည်။ ယာဉ်မရပ်မီတွင် သင့်နောက်ကြည့်မှန်မြင်ကွင်းအား စစ်ဆေးပါ။ သင်မကွေ့မီ၊ မျဉ်းပြိုင်မရပ်မီ၊ ကားတံခါးမဖွင့်မီ သို့မဟုတ် လမ်းဘေးတွင်ရပ်ထားခြင်းမှထွက်ခွာချိန်တစ်ခုတွင် ကားတွင်ရှိသော "blind spots" “နောက်ကြည့်မှန်မှ မမြင်နိုင်သောဧရိယာများ” အား စစ်ဆေးပါ။ သင့်ကားမှန်များကို သုံးခြင်းအပြင် ဘေးတလျှောက်တွင် သို့မဟုတ် ချဉ်းကပ်လာနေနိုင်သော စက်ဘီးစီးသူများ၊ စကိတ်စီးသူများနှင့် စကူတာစီးသူများအား သင့်ခေါင်းလှည့်၍ကြည့်ပါ။

## လမ်းအားစက်ဘီးများနှင့်အတူမျှသုံးခြင်း အကြံပြုချက်များ

- **သတိရှိစွာမောင်းပါ။** စက်ဘီးစီးသူနှင့် ရင်ဆိုင်ရသည့်အခါ အရှိန်လျှော့ပေးပါ။ နီးကပ်စွာမလိုက်ပါနှင့်။ သင့်ယာဉ်နှင့် စက်ဘီးအကြားတွင် နေရာပေးပါ။ စက်ဘီးစီးသူများသည် အန္တရာယ်များနှင့် ရင်ဆိုင်တတ်သည်ကို သိမှတ်၍ သူတို့အားနေရာပေးပါ။
- **စက်ဘီးများအား လမ်းဦးစားပေးပါ။** စက်ဘီးများသည် ယာဉ်များအဖြစ်သတ်မှတ်ထားပြီး ယာဉ်များကဲ့သို့ပင် တူညီသောဦးတည်ချက်တွင် မောင်းနှင်ကြသည်။ သင့်လျော်မှန်ကန်သောလမ်းပေးပါ။ စက်ဘီးစီးသူများအတွက် လမ်းဆုံများလမ်းဖြတ်ကူးရန် အချိန်ပိုပေးပါ။
- **စဉ်းစားပါ။** ယာဉ်ကြောနှင့် လမ်းဆုံများတွင် စက်ဘီးများအတွက် စေ့စပ်စွာကြည့်ပါ။ စက်ဘီးစီးသူများထံ နီးကပ်စွာရောက်မှ သင့်ကားဟွန်းအား ကျယ်လောင်စွာ မတီးပါနှင့်။ ကားရပ်ချိန်နှင့် ကားတံခါးများဖွင့်ချိန်တွင် စက်ဘီးစီးသူများကိုကြည့်ပါ။
- **ဂရုစိုက်၍ ကျော်ဖြတ်ပါ။** ကျော်တက်သည့်အခါတွင် သင်နှင့် စက်ဘီးစီးသူတစ်ယောက်အကြားတွင် လေးပေအကွာရှိရမည်။ သင်စက်ဘီးတစ်စီးအားကျော်တက်ခြင်းမပြုမီတွင် လမ်းလုံခြုံစိတ်ချရမှုနှင့် ယာဉ်ကြောအခြေအနေများအတွက် စောင့်ဆိုင်းပါ။ အနောက်သို့မရွှေ့မီတွင် သင့်ပခုံးထက်မှနေ၍ နောက်သို့လှည့်ကြည့်ပါ။
- **ကလေးများအတွက်ကြည့်ပါ။** စက်ဘီးပေါ်တွင်ရှိနေသောကလေးများသည် မကြာခဏ ခန့်မှန်းရခက်ကြသည်။ မမျှော်လင့်ထားသောအရာများအား မျှော်မြင်၍ အရှိန်လျှော့ပါ။ ကလေးများ ယာဉ်ဥပဒေများကိုသိရန် မမျှော်လင့်ပါနှင့်။ သူတို့၏အရွယ်အစားကြောင့် ကလေးများကိုမြင်ရန် ခက်ခဲနိုင်သည်။

# စက်ဘီးစီးသူများအတွက် အကြံပြုချက်များ




- **စက်တပ်ယာဉ်မောင်းသူများ ဥပဒေအကျိုးသက်ရောက်မှုသည် စက်ဘီးများသို့ အကျိုးသက်ရောက်မှုနှင့် တူသည်။** ယာဉ်သွားလာမှု ထိန်းချုပ်သော အရာများ (သင်္ကေတများနှင့် မီးအချက်ပြမှုများ) အားလုံးအား လိုက်နာပြီး ရပ်နားခြင်းများနှင့် ကွေးခြင်းများအတွက် ပြသရန် လက်အချက်ပြခြင်းအားအသုံးပြုပါ။
- **လမ်း၏ ညာဖက်တွင်စီးနင်းပါ။** ယာဉ်ကြောသွားနေသကဲ့သို့ အမြဲတမ်း တူညီသောဦးတည်ချက်တွင်စီးပါ။ အလှမ်းအဝေးဆုံး ညာလမ်း ကြောကို သုံးပါ။ စက်ဘီးအား ဖြည်းညှင်းစွာရွှေ့လျှား၍ ယာဉ်များသည် ညာဖက်တွင်ရှိနေမည်။
- **ဘရိတ်။ ဘဲလ်။ မီးများ။** စက်ဘီးများတွင် အလုပ်လုပ်သောဘရိတ်များ၊ ဟွန်း သို့မဟုတ် ဘဲလ်တစ်ခုနှင့် ရှေ့မီးရှိရမည်။

- **ကွက်တိကျ၍ သေချာသော စက်ဘီးစီးဦးထုတ်တစ်လုံး အမြဲတမ်း ဝတ်ဆင်ပါ။** စက်ဘီးစီးဦးထုတ်တစ်လုံးဝတ်ဆင်ထားချိန်တွင် ဦးထုတ် သို့မဟုတ် ခေါင်းစီးပုဝါတစ်ခုဝတ်ဆင်လျှင် စက်ဘီးစီးဦးထုတ်များ၏ စိတ်ချလုံခြုံမှုထိရောက်ခြင်းအား လျော့ကျစေသည်ဟု အကြံပေးထားခြင်း မဟုတ်ပါ။



- **ကြိုတင်မှန်းဆစွာ စီးနင်းပါ။** မျဉ်းဖြောင့်အတိုင်းသာစီး၍ လမ်းပေါ်တွင် ထိုးကွေ့ခြင်း သို့မဟုတ် ကား များအကြား မရပ်ပါနှင့်။ လမ်း သို့မဟုတ် လမ်းဆုံသို့မဝင်မီ ယာဉ်သွားလာမှုအား ကြည့်ပါ။ အန္တရာယ်များအား မျှော်မှန်းထားပြီး ကြိုတင်ပြင်ဆင်၍ လုံခြုံမှုအတွက် အနေအထားအား ထိန်းညှိပါ။
- **မြင်သာစေပါ။** သိသာကွဲပြားသော အရောင်တောက်သည့် အဝတ်အစားအားဝတ်ပါ။ အလင်းနိမ့်နေသောအခြေအနေများတွင် ရှေ့မီးအဖြူနှင့် အလင်းနိမ့်နေသောအခြေအနေများတွင် နောက်ဖက် မီးနီကို သုံးပါ။ ရောင်ပြန်ပြား သို့မဟုတ် ရောင်ပြန်တိတ် သို့မဟုတ် အဝတ်အစားတစ်ခု အား အသုံးပြုပါ။ မြင်တွေ့နိုင်ရန် စက်တပ်ယာဉ်မောင်းနှင်သောသူများနှင့် မျက်လုံးချင်း ဆက်သွယ်မှုပြုပါ။
- **ကလေးခရီးသည်များ** ၁ –၄ အရွယ်ကလေးများသည် တွဲထားသော စက်ဘီးစိတ်ချလုံခြုံမှုထိုင်ခုံတွင် စီးနင်းရမည်။ အသက် ၁ နှစ်အောက်ကလေးအား စက်ဘီးတစ်စီးပေါ်တွင် တင်ဆောင်သွားရန် တရားမဝင်ပါ။
- **ကလေးများအား ကြီးကြပ်ပါ။** ကလေးများအပြင်ဖက်တွင် စက်ဘီးစီးသင်ခြင်းအားကူညီရန်နှင့် ယာဉ်သွားလာခြင်း စည်းမျဉ်းစည်းကမ်းများကိုသိရန် ဂရုစိုက်ပေးသူများရှိရန် မျှော်လင့်ထားသည်။ ကလေးများသည် လူသွားလမ်းတွင် လမ်းသွားလမ်းလာများ၏ ထောက်ထားညှာတာမှုပေးနေစဉ် အတွင်းတွင် စက်ဘီးစီးရန် ခွင့်ပြုထားသည်။